# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ် နှိမ်နင်းရေး လုပ်ငန်းများ

**ဖုံး**



ရေစည် ရေအိုးများကို
ခြင်မဝင်နိုင်အောင်
လုံခြုံစွာ ဖုံးအုပ်ပါ။

**သွန်**



ရေစည်/ ရေအိုးအားလုံး၏
အတွင်းပိုင်းကို ၃-၄ ရက်တစ်ကြိမ်
တိုက်ချွတ်ဆေးကြော၍ သွန်ပစ်ပါ။

**စစ်**




ခြင်လောက်လန်းတွေ့သော
သောက်ရေကို နောက်တစ်အိုးထဲသို့
ရေစစ်ဖြင့် ပြန်ပြောင်းထည့်ပါ။

**လောင်း**



ကြောင်အိမ် အောက်ခံခွက်များ
ထဲသို့ ဆား၊ စက်ဆီဟောင်း
လောင်းထည့်ပါ။

**ထောင်**



ဘယ်အချိန်အိပ်အိပ်
ဘယ်နေရာအိပ်အိပ်
ခြင်ထောင်ထောင်အိပ်ပါ။
(ခြင်ထောင်ကို ဖြလတစ်ကြိမ်
ဆေးစိမ်ပါ။)

**လဲ**



ညောင်ရေအိုး၊ ပန်းအိုးများကို
နေ့စဉ် ဆေးကြော၍ ရေလဲပါ။

**ဖွင့်**



အလင်းရောင်ရ၍
ခြင်မခိုအောင်းနိုင်ရန်
နေ့ပိုင်းတွင် ပြတင်းပေါက်များ
ဖွင့်ထားပါ။

**မြှုပ်**



မိုးရေတင်နေနိုင်သော ခွက်၊
တာယာစုတ်၊ အိုးခြမ်းပဲ့၊
အုန်းမှုတ်ခွက် စသည်တို့ကို
မြေမြှုပ်ပစ်ပါ။ (သို့မဟုတ်)
စနစ်တကျ စွန့်ပစ်ပါ။

**ရှင်း**



အိမ်တွင်း၊ အိမ်ပြင်
သန့်ရှင်းစွာ ထားပါ။

**ထည့်**



ရေမသွန်နိုင်သည့် အုတ်ကန်၊
ရေစည်၊ ရေကန်များတွင်
ပိုးလောက်လန်းစားငါး၊
လောက်လန်းသေဆေး(Abate)
စသည်တို့ ထည့်ပါ။

MINISTRY OF HEALTH AND SPORTS

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး



## သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုးကို သယ်ဆောင်သော ခြင်ကျား (Aedes) များမှ တဆင့် ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်ပြီး အသက် (၁၅) နှစ်အောက် ကလေးများတွင် အဖြစ်များသည်။
- တစ်နှစ်ပတ်လုံးရောဂါကူးစက်နိုင်သော်လည်း မိုးရာသီတွင် ကူးစက်မှု အများဆုံးဖြစ်သည်။
- ခြင်ကျားသည် လူများကို နေ့အချိန်တွင် ကိုက်သည်။
- ခြင်ကျားသည် မီတာ (၅၀) မှ (၃၀၀) အထိ ပျံသန်းနိုင်သည်။



## သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာများ

- (၂) ရက် မှ (၇) ရက်ခန့် အပြင်းဖျားသည်။
- ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များထွက်ခြင်းတို့ ဖြစ်တတ်သည်။
- ဗိုက်နာခြင်း

## သွေးလန့် လက္ခဏာများ

- (၃) ရက် မှ (၅) ရက်အတွင်း အဖျားတက်ရာမှ ချက်ချင်းအဖျားကျကာ ခြေဖျား လက်ဖျားများ အေးစက်ခြင်း။
- မကြာခဏ အော့အန်ခြင်း၊ အန်သည့်အရည်တွင် အညိုရောင် အဖတ်အမျှင်လေးများ ပါလာခြင်း၊
- အဖျားကျသော်လည်း ကလေးမှာ အစာစားခြင်း၊ ကစားခြင်းမရှိဘဲ မှိန်းနေခြင်း၊ (သို့) ဂနာမငြိမ် ဂျီတိုက်လာခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။

အထက်ပါ သွေးလန့်သော လက္ခဏာများရှိလျှင် ဆေးရုံသို့ အမြန်ဆုံး သွားရောက်ကုသမှုခံယူပါ။

## အိမ်တွင်ပြုစုကုသခြင်း


- ဂရုစိုက်၍ အရည်များများတိုက်ပါ။ (ဓါတ်ဆားရည်၊ ဖျော်ရည်အမျိုးမျိုး၊ ဟောလစ်၊ စွပ်ပြုတ်)
- အညိုရောင်ရှိသော အရည်ကို မတိုက်ရ။
- အဖျားကြီးလွန်းလျှင် ရေပတ်တိုက်နိုင်သည်။
- ပါရာစီတမောဆေးကို အရွယ်လိုက်၍ ဆေးညွှန်းပမာဏအတိုင်း (၆)နာရီခြားတိုက်ပါ။
- ပါရာစီတမောမဟုတ်သော အခြားအပူကျဆေးများ မတိုက်ရ/မထိုးရ/စအိုထဲမထည့်ရ။

## ခြင်ကျားပေါက်ပွားရာ နေရာများ


- ရေကြည်ရေသန့်၊ တည်ငြိမ်သောရေရှိသောနေရာများတွင် ဥများကို ဥကြသည်။ အဓိက ရေသိုလှောင်ပစ္စည်းများဖြစ်သည့် စည်ပိုင်း၊ စဉ့်အိုး၊ ကျောက်စည်၊ ကျောက်ကန်၊ အုတ်ကန်၊ မီးသတ်ကန်၊
- အခြားပေါက်ပွားရာနေရာများ - ဘုရားပန်းအိုး၊ နတ်ပန်းအိုး။ ရေတင်ကျန်နိုင်သည့်နေရာများ - ရေဝပ်နေသော ရေတံလျှောက်၊ အိမ်သာ၊ အုတ်ကန်ငယ်၊ တာယာ၊ ဘတ်ထရီအိုးခွံနှင့် အချိုရည်ဘူးခွံ၊ စည်သွပ်ဘူးခွံ၊ အုန်းမှုတ်ခွက် စသည့် ပစ္စည်းများ။
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက် ငှက်ပျောလက်များအကြား၊ ခုတ်ပြီး အငုတ် ကျန်ခဲ့သော ဝါးဆစ်။

ခြင်ဥမှ ခြင်ဖြစ်ရန် (၇) ရက်ခန့် ကြာသည်။

### အိမ်အတွင်း




### အိမ်ပြင်ပ



## ဘယ်လိုကြိုတင်ကာကွယ်မလဲ

- မိမိတို့ အိမ်တိုင်း/ ရွာတိုင်း/ ရပ်ကွက်တိုင်း/ မြို့တိုင်းတွင် ပိုးလောက်လန်း တစ်ကောင်မှ မရှိအောင် နှိမ်နင်းခြင်းဖြင့် သွေးလွန်တုပ်ကွေးမဖြစ်အောင် ကာကွယ်ကြပါစို့။
- ခြင်ကိုက်မခံရအောင် ကာကွယ်ပါ။

**ခြင်ကျားမရှိလျှင်သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပါ။**
**ခြင်မဖြစ်မီခြင်လောက်လန်းဘဝကပင်နှိမ်နင်းပါ။**



# သွေးလွန်တုပ်ကွေးရောဂါကင်းဝေးဖို့ ကြိုတင်ကာကွယ်စို့

သွေးလွန်တုပ်ကွေးရောဂါသည် နေ့/ညအချိန်မရွေး ကိုက်တတ်သည့်
ခြင်ကျားမှတစ်ဆင့် ကူးစက်ပြီး
မိုးရာသီတွင် အများဆုံးဖြစ်ပွားတတ်ပါသည်။

မွေးစကလေးမှ အသက်(၁၅)နှစ် အတွင်း ဖြစ်ပွားနိုင်ပြီး လူကြီးများတွင်ပါ ဖြစ်ပွားနိုင်ပါသဖြင့်
အသက်ဆုံးရှုံးမှုများ ရှိလာနိုင်ပါသည်။

သို့ဖြစ်ပါ၍ ခြင်အကိုက်မခံရအောင် အောက်ပါအချက်များကို လိုက်နာသင့်သည်။



(၁) မိမိကိုယ်ကို ခြင်ကိုက်မခံရအောင် အကျီလက်ရှည် ဘောင်းဘီရှည်တို့ကို ဝတ်ဆင်ပါ။



(၂) အိပ်သည့်အခါတိုင်းတွင် နေ့/ညမရွေး ခြင်ထောင်ဖြင့် အိပ်သင့်သည်။
ဆေးစိမ်ခြင်ထောင်ကို အသုံးပြုလျှင် ပိုမိုကောင်းမွန်ပါသည်။





(၃) ခြင်ကိုက်မခံရအောင် ခြင်နိုင်ဆေးလိမ်းရန်လိုအပ်သည်။

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
( ၂၀၁၈၊ စက်တင်ဘာလ )

# သွေးလွန်တုပ်ကွေးရောဂါ ကင်းဝေးဖို့ ကြိုတင်ကာကွယ်စို့

**သွေးလွန်တုပ်ကွေးရောဂါသည် မိုးရာသီတွင် အများဆုံး ဖြစ်ပွားတတ်ပြီး**
**ဒေသမရွေး၊ လူမျိုးမရွေး၊ အသက်အရွယ်မရွေး ကူးစက်ဖြစ်ပွားနိုင်ပါသည်။**



(၁) ခြင်ပေါက်ပွားနိုင်သော အိမ်တွင်း၊ အိမ်ပြင်ရှိ
ရေသိုလှောင်ထားသည့် ရေစည်၊ ရေအိုး၊
သောက်ရေအိုးတို့ကို အဖုံး ဖုံးထားပါ။



(၂) ပိုးလောက်လန်းများကို
မည်သည့်အိုးတွင်မဆို တွေ့ပါက
ရေသွန်/လှယ်ပစ်ပါ။



(၃) ဘုရားပန်းအိုး၊ နတ်စင်အိုး၊ အိမ်တွင်းအလှပန်းအိုးတို့ကို
အနည်းဆုံး ၃ ရက်လျှင် တစ်ကြိမ် ရေလဲလှယ်ပေးပါ။
– အိုးအတွင်းနှင့် အပြင်နံရံတို့ကိုလည်း
ပွတ်တိုက်ဆေးကြောပေးပါ။



(၄) မိမိပတ်ဝန်းကျင်ရှိ မိုးရေတင်ကျန်နိုင်သည့်
အိုး၊ ခွက်၊ တာယာဟောင်း၊ ဘက်ထရီအိုး၊
စသည်တို့ကို မြေကြီးထဲသို့ မြေမြှုပ်ပစ်ပါ။



(၅) ရေအောင်းပြီး ခြင်ပေါက်ပွားနိုင်သော ဝါးငုတ်၊
သစ်ခေါင်းများကို ဝိုင်းဝန်းမြေဖို့ပါ။

**ခြင်ပေါက်ပွားနိုင်သော နေရာများကို ရှင်းလင်းထားခြင်းဖြင့် မိမိနှင့်ပတ်ဝန်းကျင်ရှိ မိသားစုများကို သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ပါသည်။**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်းပြုစုသည်။
( ၂၀၁၈၊ စက်တင်ဘာလ )